# သခင်ဘုရားထံ ဖွင့်ထားသော ထည့်စရာတန်ဆာဖြစ်ခြင်းနှင့် ဘုရားဆိုင်ရာသုံးပါးတစ်ပါး၏ ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးခြင်း၌ ပုံမှန်နေ့ရက်များကို အသက်ရှင်ခြင်း

ဖတ်ရန်ကျမ်း။ ။ ကာ၊ ၂း၇။ ရော၊၉း ၂၁–၂၃။ ၂ကော၊၄း၇။ ၂တိ၊ ၂း ၂၀–၂၁

I. ကိုယ်တော်၏ ရည်ရွယ်ချက်ကို ပြီးမြောက်စေရန်အတွက် ဘုရားသခင့် လုပ်ငန်းစဉ်၏ပထမခြေလှမ်းမှာ သူကိုယ်တော်တိုင်ကို အသက်အဖြစ်ထည့်ဝင်ရန် လူကို ထည့်စရာတန်ဆာအဖြစ် ဖန်ဆင်းခြင်းဖြစ်သည် – ကာ၊ ၂း၇။

က။ ဘုရားသခင်သည် ကျွန်ုပ်တို့အား သုံးပါးတစ်ပါးဘုရားနှင့် ပြည့်ဝသော အသရေရှိထည့်စရာတန်ဆာများဖြစ်စေရန်အတွက် ဘုရားသခင်သည် ကျွန်ုပ်တို့ကို ရွေးချယ်ခဲ့သည် – ရော၊ ၉း ၂၁–၂၃။ ၂ကော၊ ၁၃း၁၄။

၁။ ဘုရားသခင်သည် လူကို ထည့်စရာတန်ဆာအဖြစ် ဖန်ဆင်းတော်မူပြီး၊ မြောက်များစွာသော ထည့်စရာတန်ဆာများထဲမှ ကျွန်ုပ်တို့အား အသရေရှိသော ထည့်စရာတန်ဆာများဖြစ်စေရန်၊ ဘုန်းအသရေရှိသော ဘုရားသခင်၊ ကိုယ်တော်ကို ထည့်ဝင်ရန် ကျွန်ုပ်တို့အား ရွေးချယ်တော်မူခဲ့သည် – ၄း၇။

၂။ အသရေရှိသော ထည့်စရာတန်ဆာများကို ဘုရားဆိုင်ရာ သဘောသဘာဝ(ရွှေ)နှင့် ရွေးနုတ်ခြင်းခံရပြီး၊ အသစ်တစ်ဖန်မွေးဖွားခြင်းခံရသော လူသားသဘောသဘာဝ(ငွေ)နှစ်ခုလုံးဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည် – ၂တိ၊ ၂း ၂၀–၂၁။

၃။ ကျွန်ုပ်တို့သည် ဘုန်းကြီးသော ထည့်စရာတန်ဆာများ ဖြစ်ကြမည့်အကြောင်း ဘုရားသခင်သည် ကျွန်ုပ်တို့အပေါ်၌ ကိုယ်တော်၏ ဘုန်းတော်ကို ထင်ရှားစေတော်မူ၏ – ရော၊၉း ၂၃။ ၂ကော၊၃း၁၈။ ၄း၆–၇။

က။ ဤအရာများအားလုံးသည် ကိုယ်တော်၏ ကရုဏာတော်အားဖြင့်၊ ကိုယ်တော်၏ကရုဏာတော်ကြောင့်ဖြစ်၍၊ ကျွန်ုပ်တို့၏ ကြိုးစားအားထုတ်မှုအားဖြင့် မရရှိနိုင်ပါ။

ခ။ ဤအကြောင်းကြောင့် ကျွန်ုပ်တို့သည် ကိုယ်တော့်ကို ကိုးကွယ်ပြီး၊ ကိုယ်တော်၏ ကရုဏာတော်အတွက် ကျေးဇူးတင်ရမည် – ရော၊၉း၁၅–၁၆၊ ၁၈။

ခ။ ပေါလု၏ ဩဝါဒစာစောင် ဆယ့်လေးစောင်၏ အကျဉ်းချုပ်ကို စကားလုံးနှစ်လုံးဖြင့် ဖော်ပြနိုင်သည် – ဖွင့်ထားသော ထည့်စရာတန်ဆာ။

၁။ ဘုရားသခင်သည် ယုံကြည်သူများအား ကိုယ်တော့်ကို ချစ်မြတ်နိုးပြီး၊ ကိုယ်တော့်ထံ မိမိကိုယ်ကို ဖွင့်ထားသော ထည့်စရာတန်ဆာများအဖြစ် အလိုရှိတော်မူကြောင်း ဓမ္မသစ်ကျမ်းက ကျွန်ုပ်တို့အား ဖော်ပြထားသည် – ၂ကော၊ ၃း၁၆။

က။ ကျွန်ုပ်တို့ဖြစ်ခြင်း၏ နက်နဲဆုံး၌ ကျွန်ုပ်တို့သည် သခင်ဘုရားအား မဖွင့်ပေးပါက၊ ကိုယ်တော်သည် ကျွန်ုပ်တို့ထဲ၌ သူကိုယ်တော်တိုင်ကို ဝေငှဖြန့်ဖြူးတော်မူပြီး၊ ကျွန်ုပ်တို့၏ စိတ်နှလုံး၌ သူ၏အိမ်တော်ကို ဆောက်လုပ်နိုင်မည် မဟုတ်ပေ – ဧ၊ ၃း၁၇။

ခ။ ဖွင့်ထားသော ထည့်စရာတန်ဆာသည် ဘုရားဆိုင်ရာ သုံးပါးတစ်ပါးဖြစ်ခြင်း၏ ဘုရားဆိုင်ရာ ဝေငှဖြန့်ဖြူးခြင်းဖြင့် ပြည့်စေရန် သူ့ကိုယ်သူ ဖွင့်ထားရုံမှတစ်ပါး ဘာမှ လုပ်ဆောင်စရာ မရှိပါ – ၂ကော၊ ၁၃း၁၄။

၂။ စစ်မှန်သော ခရစ်ယာန်အသက်တာသည် ဘုရားသခင်ကို ချစ်မြတ်နိုး၍ သခင်ဘုရားထံတော်၌ ဖွင့်ထားပြီး ၎င်း၏ လုပ်ဆောင်မှုကို ရပ်တန့်စေသောသူ ဖြစ်သည် – မာ၊၁၂း၃၀။ ၁ယော၊ ၄း၁၆–၂၁။

က။ ထိုအခါ သခင်ဘုရားသည် ဝင်ရောက်လာ၍ အရာအားလုံးကို ပြုတော်မူမည်။ ထည့်စရာတန်ဆာသည် ရိုးရိုးလေး သခင်ဘုရားကို ထည့်ဝင်ခံပြီး၊ သခင်ဘုရား၏ ဖြည့်ပေးခြင်းနှင့် လုပ်ဆောင်ပေးမှုကို ဝမ်းမြောက်ခြင်း ဖြစ်သည်။

ခ။ ကျွန်ုပ်တို့သည် သခင်ဘုရားအား ရိုးရိုးလေး ချစ်မြတ်နိုး၍၊ ကိုယ်တော်ထံ မိမိကိုယ်ကို ဖွင့်ထားကာ၊ ကိုယ်တော် လုပ်ဆောင်လိုသမျှကို လုပ်ဆောင်စေခြင်းငှာ ကိုယ်တော်အား အခွင့်အရေးတိုင်းကို ပေးရန်သာ လိုအပ်သည် – ဧ၊ ၃း၁၇။

ဂ။ ဤသည်မှာ မှန်ကန်ပြီး စစ်မှန်သော ခရစ်ယာန်အသက်တာ ဖြစ်သည် – ဂလ၊ ၂း ၂၀။

၃။ ကျွန်ုပ်တို့က “ သခင်ဘုရား၊ ကိုယ်တော်၏ ကျေးဇူးတော်ကြောင့် ကျွန်ုပ်သည် ကိုယ်တော်အား ပိတ်ထားသော ကျွန်ုပ်၏ ဖြစ်ခြင်း အစိတ်အပိုင်း တစ်စုံတစ်ခုမျှ မရှိပါ။ ကျွန်ုပ်ကိုယ်တိုင်၏ ဖြစ်ခြင်းတစ်ခုလုံးနှင့် လုံးလုံးလျားလျား ကိုယ်တော့်အား ဖွင့်ထားရန် ရွေးချယ်ခဲ့ပါသည်”ဟု ဆုတောင်းသင့်သည်။

က။ ဤသင့်လျော်မှန်ကန်သော ဆုတောင်းခြင်း၊ လေးနက်သော ဆုတောင်းခြင်း၊ စစ်မှန်သော ဆုတောင်းခြင်းသည် သခင်ဘုရားကို ချစ်မြတ်နိုးပြီး၊ ကိုယ်တော်အား ဖွင့်ထားရန် ဖြစ်သည် – ဧ၊ ၃း၁၇–၁၉။

ခ။ ကျွန်ုပ်တို့တွင် ဤသို့သော ဆုတောင်းခြင်းမျိုးရှိပါက၊ ကျွန်ုပ်တို့သည် ရှင်သန်နေပြီး၊ ဖွင့်ထားသော ထည့်စရာတန်ဆာများဖြစ်ပြီး၊ သခင်ဘုရားသည် ကျွန်ုပ်တို့အား သူကိုယ်တော်တိုင်နှင့် ဖြည့်သွင်းပေးရန် နည်းလမ်းရှိလိမ့်မည် ဖြစ်သည် – အငယ်၊၁၄–၁၈။

ဂ။ သခင်ဘုရားသည် ကျွန်ုပ်တို့အား ဖြည့်သွင်းပေးသောအခါ၊ ကိုယ်တော်သည် ကျွန်ုပ်တို့အတွက် အရာအားလုံးကို လုပ်ဆောင်ပေးတော်မူသည် – အငယ်၊ ၁၉။

**II. ခရစ်တော်၌ ယုံကြည်သူများအနေဖြင့် ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာ သုံးပါးတစ်ပါးဖြစ်ခြင်း၏ဘုရားဆိုင်ရာ ဝေငှဖြန့်ဖြူးခြင်းတွင် မှန်မှန်နှင့် သာမာန်အတွေ့အကြုံများ၌ ပုံမှန်နေ့ရက်များ အသက်တာကို ကျေနပ်ပျော်ရွှင်ခြင်းရှိရန် သင်ယူရန်လိုအပ်သည် – ရော၊ ဂး၂၊ ၆၊ ၁၀–၁၁။ ဧ၊ ၃း၁၆–၁၇က။**

က။ ကျွန်ုပ်တို့သည် နည်းနည်းချင်းစီ၊ တစ်နေ့ပြီးတစ်နေ့ ဤဘုရားဆိုင်ရာ ဝေငှဖြန့်ဖြူးမှုကို လက်ခံရယူရန် လိုအပ်သည်၊ ဤဝေငှဖြန့်ဖြူးခြင်းကို ဖြည်းဖြည်းချင်းစီ၊ တည်ငြိမ်သောနည်းလမ်းဖြင့် အထပ်ထပ် လက်ခံရယူခြင်း ဖြစ်သည်။

၁။ ကျွန်ုပ်တို့၌ အားလုံးအတွက် တစ်ကြိမ်တည်း ပြီးမြောက်နိုင်သည့် ဝိညာဉ်ရေးဆိုင်ရာ အရာများ အလွန်နည်းပါးပါသည်။ အတိအကျဆိုရလျှင်၊ ကျွန်ုပ်တို့၏ ရုပ်ပိုင်းဆိုင်ရာအသက်တာကဲ့သို့ပင် ဝိညာဉ်ရေးဆိုင်ရာအရာများ အများစုသည် ထပ်ခါတလဲလဲဖြစ်ပွားနေရမည် ဖြစ်သည်။–ယော၊ ၆း၅၇ခ။ ၄း၁၄။ ၁ကော၊ ၁၀း၃–၄။

၂။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ပေးအပ်တော်မူသောအရာမှန်သမျှသည် တစ်ကြိမ်တည်း ပေးတော်မမူပါ၊ အကြောင်းမှာ ၎င်းသည် မခံယူနိုင်သောအရာ ဖြစ်လာစေမည်သောကြောင့်ဖြစ်သည်။ ယင်းအစား ဘုရားဆိုင်ရာ မစမှုကို နည်းနည်းချင်းစီ ပေးတော်မူသည်။

ခ။ အဆင့်ဆင့်ဖြတ်ကျော်၍ ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရားသည် ကျွန်ုပ်တို့အတွင်း၌ ကြီးကျယ်ခမ်းနားသောနည်းလမ်း၌မဟုတ်ဘဲ၊ ပုံမှန်နည်းလမ်း၌ ရှိတော်မူသည်။ ဤအကြောင်းကြောင့် ကျွန်ုပ်တို့သည် တည်ငြိမ်ပြီး၊ ပုံမှန်ခရစ်ယာန်အသက်တာကို အသက်ရှင်ရန် လိုအပ်သည်။ ကျွန်ုပ်တို့သည် အထူးဖြစ်ခြင်း လျော့နည်းပြီး၊ ပုံမှန်ပို၍ဖြစ်လေလေ၊ ပို၍ကောင်းလေ ဖြစ်သည်။

ဂ။ ဘုရားဆိုင်ရာ ဝေငှဖြန့်ဖြူးခြင်းအားဖြင့် ကျွန်ုပ်တို့အား သုံးပါးတစ်ပါးဘုရား ပေးတော်မူသောအရာမှန်သမျှသည် ငြိမ်သက်တည်ငြိမ်ပြီး၊ ယုံကြည်သူများအနေဖြင့် ကျွန်ုပ်တို့၏ အသက်တာသည်လည်း ငြိမ်သက်တည်ငြိမ်နေရမည် ဖြစ်သည်။ ကျွန်ုပ်တို့သည် တစ်နေ့ပြီးတစ်နေ့ ဤနည်းဖြင့်အသက်ရှင်ရန်လိုအပ်သည်။ ဘုရားဆိုင်ရာ ဝေငှဖြန့်ဖြူးခြင်းကို လက်ခံရယူသည့် ပုံမှန်အသက်တာကို ရိုးရိုးအသက်ရှင်ရန်ဖြစ်သည် – ရော၊ဂး၆။ ၁သက်၊ ၅း၂၃။ ၂သက်၊ ၃း၁၆။

ဃ။ ကျွန်ုပ်တို့၏ လမ်းဆုံးပန်းတိုင်သည် ဘုရားဆိုင်ရာ သုံးပါးတစ်ပါးဖြစ်ခြင်း၏ ဘုရားဆိုင်ရာ ဝေငှဖြန့်ဖြူးခြင်း၌ ပုံမှန်အသက် အတာကို အသက်ရှင်ရန် ဖြစ်သည်။ အကြောင်းမှာ ကျွန်ုပ်တို့၏ အဖသည် ကိုယ်တော်၏ အစဉ်အမြဲ ဝေငှဖြန့်ဖြူးပေးခြင်း အောက်တွင် ပုံမှန်နည်းလမ်း၌ ကျွန်ုပ်တို့အသက်ရှင်ရန် ခန့်ခွဲထားပြီးသောကြောင့် ဖြစ်သည် – မ။၆း၁၁၊ ၃၂–၃၄။ ၂၄း၄၀–၄၁။

င။ ယုံကြည်သူများအနေဖြင့် ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအားဖြင့် ဘုရားဆိုင်ရာ သုံးပါးတစ်ပါးဖြစ်ခြင်း၏ ဘုရားဆိုင်ရာ ဝေငှဖြန့်ဖြူးခြင်းကို တွေ့ကြုံခံစားကြရသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ကိုယ်တော့်ကို မှီခိုအားထားကာ၊ ကိုယ်တော့်ကို အသက်အဖြစ်ယူဆောင်ခြင်းအားဖြင့် ကျွန်ုပ်တို့အထဲ၌ သူကိုယ်တော်တိုင်ကို ဝေငှဖြန့်ဖြူးစေရန် ကိုယ်တော့်ကို အခွင့်ပေးခြင်းဖြင့် အရာအားလုံးကို လုပ်ဆောင်စေရန် အလိုတော်ရှိသည် – ဧ၊၃း၁၇က။ ဟေဗြဲ၊ ၁၁း၁။

စ။ ဤနည်းအားဖြင့် ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရာတွင် ပုံမှန်ဖြစ်လာမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာသည် အံ့မခန်းဖွယ်ရာဖြစ်ခြင်းမရှိဘဲ မှန်မှန်နှင့် ပုံမှန်ဖြစ်လိမ့်မည် ဖြစ်သည် – ရော၊ဂး၄၊ ၆။ ဂလ၊ ၅း၂၂–၂၃။

**III. ဘုရားဆိုင်ရာ ဝေငှဖြန့်ဖြူးခြင်း၌ ပုံမှန်နေ့ရက် အသက်တာသည် ဘုရားဆိုင်ရာ စီမံကိန်း၏ အံ့သြဖွယ်ကောင်းသော ပုံမှန်အခြေအနေအတိုင်းဖြစ်သည် – ၁တိ၊ ၁း၄။ ဧ၊ ၃း၉။**

က။ ခရစ်တော်၏၊ ဝိညာဉ်တော်၏၊ သုံးပါးတစ်ပါးဘုရားနှင့် ဘုရားဆိုင်ရာအသက်နှင့် ဘုရားဆိုင်ရာ သဘောသဘာဝ၏ အတွေ့အကြုံများသည် လုံးလုံး ပုံမှန်ဖြစ်သည် – အငယ်၊ ၁၆–၁၇က။

ခ။ ကျွန်ုပ်တို့၏ တွေ့ကြုံခံစားမှုနှင့် မွေ့လျော်ဝမ်းမြောက်မှုအတွက် ဘုရားသခင်အားဖြင့် ပေးထားသော ဝိညာဉ်ရေးရာနှင့် ဘုရားဆိုင်ရာအရာများအားလုံးသည် ပုံမှန်ဖြစ်သည်။ မည်သို့ပင်ဆိုစေ ဤပုံမှန်အရာများသည် အံ့သြဖွယ်ကောင်းပေသည်၊ ဤအကြောင်းကြောင့် ဘုရားဆိုင်ရာ စီမံကိန်း၏ အံ့သြဖွယ်ကောင်းသော ပုံမှန်ဖြစ်ခြင်းအကြောင်းကို ကျွန်ုပ်တို့ ပြောဆိုနိုင်ခြင်း ဖြစ်သည် – ၁တိ၊၁း၄။ ဧ၊ ၃း၉။

ဂ။ အသစ်တစ်ဖန်မွေးဖွားခြင်းသည် အကြီးကျယ်ဆုံးသော အံ့ဖွယ်အမှုဖြစ်သော်လည်း၊ ၎င်းသည် ပုံမှန်နည်းလမ်းဖြင့် ဖြစ်ပျက်ခြင်းဖြစ်သည်။ ထို့ကြောင့် အသစ်တစ်ဖန်မွေးဖွားခြင်းသည် ကျွန်ုပ်တို့၏ ခရစ်ယာန်အသက်တာ၌ အံ့ဖွယ်နည်းဖြင့် ပုံမှန်ဖြစ်စဉ်တစ်ခုဖြစ်သည် – ယော၊၃း၃၊ ၅–၆။ ၁ပေ၊ ၁း၂၃။

ဃ။ သခင်ဘုရား၏ နာမတော်ကို ခေါ်ခြင်းသည် ပုံမှန်ဖြစ်စဉ်တစ်ခုဖြစ်သော်လည်း၊ ကျွန်ုပ်တို့ခေါ်ဆိုသောအခါ အဆင့်ဆင့်ဖြတ်ကျော်၍ ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရား၏ အားလုံးပေါင်းကို ကျွန်ုပ်တို့ ရရှိသည် – ရော၊ ၁၀း၁၂။ ယော၊ ၃၃း၃။

© 2022 Living Stream Ministry